# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်စျေးကွက်သတင်းလွှာ

myantrade

July 18 , 2022 Volume 56, Number 11


| ၁၈.၇.၂၀၂၂ | |
|---|---|
| ကမ္ဘာ့ရွှေစျေး | = ၁၇၁၈ US$ |
| မြန်မာ့ရွှေစျေး | = N/A |
| ဒေါ်လာစျေး | = ၂၃၂၀ ကျပ် |
| CBM Rate | = ၁၈၅၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၈၇၆.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၂၄.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၂၁၁.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၆၄.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၄.၆၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၁၃၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၀.၇၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၁၅.၄၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၅၀၅ ကျပ် |

Source: CBM Rate, etrademyanmar.com

## ၂၀၂၂ ခုနှစ် မတ်လတွင် ပြည်ပသို့ ချုပ်ပြီးအထည်တင်ပို့မှုမှ ဒေါ်လာ ၄၀၄ သန်းနီးပါးရရှိခဲ့ပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာ ၁၃၅ သန်းကျော် ပိုမိုရရှိထား

၂၀၂၂ ခုနှစ် မတ်လ၌ ပြည်ပသို့ချုပ်ပြီးအထည်တင်ပို့မှုမှ ဒေါ်လာ ၄၀၄ သန်းနီးပါးရရှိခဲ့ပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာ ၁၃၅ သန်းကျော် ပိုမိုရရှိထားကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှသိရသည်။

၂၀၂၂ ခုနှစ် မတ်လ၌ ပြည်ပသို့ ချုပ်ပြီးအထည်တင်ပို့မှုမှ ဒေါ်လာ ၄၀၃ ဒသမ ၈ သန်းရရှိခဲ့သည်။ ၂၀၂၁ ခုနှစ် မတ်လတွင် ဒေါ်လာ ၂၆၈ သန်း ရရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါကာလတူနှစ်ခုကို နှိုင်းယှဉ်ပါက ၂၀၂၂ ခုနှစ် မတ်လတွင် ချုပ်ပြီးအထည်တင်ပို့မှုမှရရှိငွေမှာ ယခင်နှစ်ကာလတူထက် ဒေါ်လာ ၁၃၅ ဒသမ ၈ သန်း ပိုမိုရရှိခဲ့ခြင်းဖြစ်သည်။

လအလိုက် ပြည်ပသို့ ချုပ်ပြီးအထည်တင်ပို့မှုအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီတွင် ဒေါ်လာ ၂၁၇ ဒသမ ၂ သန်း၊ မတ်လတွင် ဒေါ်လာ ၂၆၈ သန်း၊ ဧပြီတွင် ဒေါ်လာ ၂၃၈ ဒသမ ၇ သန်း၊ မေလတွင် ဒေါ်လာ ၂၇၈ ဒသမ ၅ သန်း၊ ဇွန်လတွင် ဒေါ်လာ ၃၁၉ ဒသမ ၃ သန်း၊ ဇူလိုင်၌ ဒေါ်လာ ၃၁၀ ဒသမ ၇ သန်း၊ ဩဂုတ်တွင် ဒေါ်လာ ၄၂၄ ဒသမ ၅ သန်း၊ စက်တင်ဘာတွင် ဒေါ်လာ ၃၇၈ ဒသမ ၃ သန်း၊ အောက်တိုဘာတွင် ဒေါ်လာ ၃၀၂ ဒသမ ၉ သန်း၊ နိုဝင်ဘာတွင် ဒေါ်လာ ၃၃၇ ဒသမ ၉ သန်း၊ ဒီဇင်ဘာတွင် ဒေါ်လာ ၄၁၄ ဒသမ ၃ သန်း၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီတွင် ဒေါ်လာ ၄၁၀ ဒသမ ၃ သန်း၊ ဖေဖော်ဝါရီတွင် ၃၆၀ ဒသမ ၆ သန်း၊ မတ်လတွင် ၄၀၃ ဒသမ ၈ သန်း ရရှိခဲ့သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၌ အထည်ချုပ် (ချုပ်ပြီးအထည်) တင်ပို့မှုမှ ဒေါ်လာ ၄ ဒသမ ၈ ဘီလျံနီးပါးရရှိခဲ့သော်လည်း ယခင်နှစ်ကာလတူထက် ဒေါ်လာ ၆၃ သန်း ကျော်လျော့ကျခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံတွင် အထည်ချုပ်လုပ်ငန်းကို CMP လက်ခစားစနစ်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး ဂျပန်၊ တရုတ်၊ ကိုရီးယား၊ EU နိုင်ငံတို့မှ CMP စနစ်ဖြင့် အော်ဒါအမိက မှာယူနေခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ သိရသည်။

၂၀၁၈ ခုနှစ်တွင် အထည်ချုပ် (ချုပ်ပြီးအထည်) အများဆုံးတင်ပို့ထားသည့် ၁၀ နိုင်ငံစာရင်းကို လေ့လာကြည့်ပါက အီးယူအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဂျာမနီနိုင်ငံသို့ ဒေါ်လာသန်း ၉၃၀၊ ယူကေသို့ ဒေါ်လာ ၃၂၃ သန်း၊ စပိန်နိုင်ငံသို့ ဒေါ်လာ ၂၉၄ သန်း၊ ပြင်သစ်နိုင်ငံသို့ ဒေါ်လာ ၂၆၆ သန်း၊ ဒိန်းမတ်နိုင်ငံသို့ ဒေါ်လာ ၁၅၈ သန်း၊

CONTACT US


ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

အီတလီသို့ဒေါ်လာ ၁၅၇ သန်း၊ နယ်သာလန်နိုင်ငံသို့ ဒေါ်လာ ၁၄၅ သန်းအထိ တင်ပို့ထားခြင်းဖြစ်သည်။ အများဆုံး တင်ပို့ထားသည့် ၁၀ နိုင်ငံအနက် ဂျပန်နိုင်ငံသို့ ဒေါ်လာ ၈၃၄ သန်း၊ ကိုရီးယားသို့ ဒေါ်လာ ၃၉၉ သန်း၊ အမေရိကန်နိုင်ငံသို့ ဒေါ်လာ ၂၁၁ သန်းအထိတင်ပို့ထားသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ အထည်ချုပ် (ချုပ်ပြီးအထည်)တင်ပို့မှု၌ ၂၀၁၀ ပြည့်နှစ်တွင် အထည်ချုပ်တင်ပို့မှု၌ ဒေါ်လာ ၃၃၇ သန်းသာရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် သုံးဆအထိမြင့်တက်လာခဲ့ပြီး ဒေါ်လာတစ်ဘီလျံနီးပါးခန့်အထိ ရောက်ရှိလာခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ မြန်မာနိုင်ငံအနေဖြင့် အထည်ချုပ် (ချုပ်ပြီးအထည်) တင်ပို့မှုကို လေ့လာကြည့်ပါက ၂၀၁၀ ပြည့်နှစ်တွင် ဒေါ်လာ ၃၃၇ သန်းသာရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် သုံးဆအထိ မြင့်တက်လာခဲ့ပြီး ဒေါ်လာတစ်ဘီလျံ နီးပါးအထိ ရောက်ရှိခဲ့သည်။

၂၀၁၅ ခုနှစ်တွင် အထည်ချုပ် (ချုပ်ပြီးအထည်) တင်ပို့မှုသည် ဒေါ်လာ ၁ ဒသမ ၄၆ ဘီလျံအထိရှိလာပြီး မြန်မာနိုင်ငံ၏ စုစုပေါင်းပို့ကုန်တန်ဖိုး၏ ၁၀ ရာခိုင်နှုန်းအထိရှိလာခဲ့သည်။

**Source:** https://news-eleven.com/article/234182

## မတ်ပဲဈေး ကြာကြာမကျနိုင်၊ ပဲစင်းငုံ အိန္ဒိယအဝယ်ပုံမှန်ရှိ၊ ငွေကြေးမူဝါဒကြောင့် ပဲတီစိမ်းဈေးကျ



https://greenwaymyanmar.com

မတ်ပဲဈေးဟာ အကျဘက်ကိုပြန်ရောက်လာပေမယ့် အိန္ဒိယနိုင်ငံဘက်က လိုအပ်ချက်တွေကြောင့် အကျဈေးနဲ့တော့ အကြာကြီးမရှိနိုင်ဘူးလို့ ကုန်သည်အများစုက ခန့်မှန်းထားတယ်လို့ စိုက်ပျိုးရေးဈေးကွက် သတင်းအေဂျင်စီ (AMIA) ရဲ့ သတင်းပေးပို့ချက်အရ သိရပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ တစ်တန်ကို ၁၇ သိန်းကျော်ထိ မြင့်တက်ခဲ့တဲ့ မတ်ပဲ (FAQ/RC–2022) ဟာ နှစ်ပတ်အတွင်း ၁၇၀၀၀၀ ခန့် ဈေးပြုတ်ကျသွားပြီး ဒီနေ့မှာတော့ တစ်တန်ကို ၁၅၃၇၅၀၀ ကျပ်သာရှိတော့တာဖြစ်ပါတယ်။ တစ်တန်ကို ၁၉၃၇၅၀၀ ထိ ဈေးမြင့်တက်ခဲ့တဲ့ မတ်ပဲ (SQ/RC) ဈေးဟာလည်း ဒီနေ့မှာတော့ ၁၇၆၂၅၀၀ သာ ဈေးရှိတော့ပြီး နှစ်ပတ်အတွင်း တစ်တန်ကို ၁၇၅၀၀၀ ခန့် ဈေးပြုတ်ကျသွားတာပါ။

ကုန်သည်များအကြား ဈေးကစားမှုတွေ၊ ငွေလဲလှယ်နှုန်းမူဝါဒတွေကြောင့် အခုလို ရုတ်တရက်ပြန်လည်ကျဆင်းသွားတာဖြစ်ပြီး လက်ရှိပေါက်ဈေးထက် ပိုကျဆင်းမှာစိုးရိမ်ပြီး ထုတ်ရောင်းမှုတွေကြောင့်လည်းပါနေလို့ စောင့်ကြည့်ရောင်းချဖို့ လိုအပ်တယ်လို့သိရပါတယ်။

မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ရောကုန်သွယ်မှုဗဟိုဌာနရဲ့ သတင်းထုတ်ပြန်ချက်မှာတော့ မတ်ပဲကိုအိန္ဒိယသို့ တင်ပို့မှုအနေနဲ့ “ဇူလိုင်လတွင် တန်ချိန် ၁၅၀၀၀–၂၀၀၀၀ ခန့်နှင့် ဩဂုတ်လတွင် တန်ချိန် ၃၀၀၀၀–၃၅၀၀၀ ခန့်တင်သွင်းရန် ခန့်မှန်းထားကြောင်း၊ မြန်မာ့မတ်ပဲလက်ကျန် တန်ချိန် ၃ သိန်းခန့်ရှိမည်ဖြစ်ပြီး အခြားနိုင်ငံများသို့ တန်ချိန် ၅၀၀၀၀ ခန့် တင်ပို့မည်ဆိုပါက ဇူလိုင်လမှဖေဖော်ဝါရီလအထိ ၈ လတာအတွင်း အိန္ဒိယသို့တင်ပို့ရန် မြန်မာမတ်ပဲလက်ကျန် တန်ချိန် ၂–၂.၂၅ သိန်းရှိမည်ဟုခန့်မှန်းကြောင်း”ဆိုပြီး ထည့်သွင်းဖော်ပြထားပါတယ်။ ဒါ့အပြင် “မတ်ပဲလက်ကျန်နည်းပါးနေသဖြင့် အရောင်းပမာဏကျဆင်းလာသည်။ မတ်ပဲ၊ ပဲစင်းငုံတန်ချိန် ၅၀၀၀ တင်ဆောင်ထားသောသင်္ဘောတစ်စီး ဇူလိုင် ၁၄ ရက်နေ့တွင် ချနိုင်းသို့ထွက်ခွာသွားပြီဖြစ်ပြီး၊ ဇူလိုင် ၁၇ ရက်နေ့တွင် ကွန်တိန်နာ ၁၈၀( တန်ချိန် ၄၃၂၀)၊ ဇူလိုင် ၂၃ ရက်နေ့တွင် ကွန်တိန်နာ ၃၈၀ ( တန်ချိန် ၉၁၂၀) သင်္ဘောတင်များ ရှိမည် ဖြစ်ကြောင်းသိရသည်” လို့လည်း ဖော်ပြထားတာ တွေ့ရပါတယ်။

တောက်လျှောက်အတက်ဈေးနဲ့ဖြစ်နေတဲ့ ပဲစင်းငုံနီလည်း ဒီတပတ်မှာ ဈေးနည်းနည်းပြန်ကျသွားပါတယ်။ ဒီတစ်ပတ်အဖွင့်ဈေးမှာ တစ်တန်ကို ၁၄၇၅၀၀၀ ကျပ်ရှိခဲ့ရာကနေ အပိတ်ဈေးမှာတော့ ၁၄၂၅၀၀၀ ဖြစ်သွားပြီး တစ်တန်ကို ၅၀၀၀၀ ပြုတ်ကျသွားတာပါ။ ပဲစင်းငုံနီကလည်း အိန္ဒိယဝယ်ယူမှု ပုံမှန်ရှိနေပြီး ပြည်တွင်းမှာလည်း ပဲအများကြီးမရှိတဲ့အတွက် ဈေးကငြိမ်နေခဲ့တာဖြစ်ပြီး ငွေကြေးအလဲအလှယ်အပြောင်းအလဲကြောင့်သာ ဈေးကျဆင်းသွားခဲ့တာဖြစ်တယ်လို့ ကုန်သည်တွေက ဆိုပါတယ်။

ပဲတီစိမ်းကတော့ ပြီးခဲ့တဲ့အပတ်က ဈေးအနည်းငယ်တက်ပေမယ့် ဒီတစ်ပတ်မှာတော့ ပြောင်းလဲလိုက်တဲ့ ငွေကြေးမူဝါဒကြောင့်ဈေးက ပြန်ကျဆင်းသွားပါတယ်။ ယခင် နိုင်ငံခြားတင်ပို့မှုက ကျပ်ငွေ၊ ဘတ်ငွေ၊ ယွမ်ငွေအမျိုးမျိုး ပေးချေနိုင်ပေမယ့် အခုမှာတော့ ဒေါ်လာသာပေးချေရမယ်ဆိုတဲ့ ထုတ်ပြန်ချက်ကြောင့် အရောင်းအဝယ် အနည်းငယ်တန့်သွားခဲ့ပြီး ဈေးတွေကျဆင်းသွားတာဖြစ်ပါတယ်။ ပဲတီစိမ်းထိပ်စတွေကတော့ ဈေးကွက်အတွင်း ပစ္စည်းလက်ကျန်မရှိတော့လို့ ဈေးတွေက မြင့်နေခဲ့ပေမယ့် အချို့လက်ရှိထွက်ရှိနေတဲ့ ပဲအသစ်တွေကတော့ ဈေးကျဆင်းနေတာဖြစ်ပါတယ်။ မန္တလေးဈေးကွက်မှာတော့ ဒီနေ့မှာ ပဲတီစိမ်းက တစ်အိတ်ကို ၁၁၅၀၀၀ ကနေ ၁၃၅၀၀၀ ကြားပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၅၀၀၀ လောက် ဈေးကျဆင်းသွားတာ ဖြစ်ပါတယ်။

(စိုက်ပျိုးရေးဈေးကွက် သတင်းအေဂျင်စီ (AMIA)က ပေးပို့သည့် ဈေးနှုန်းအချက်အလက်များနှင့်သုံးသပ်ချက်များကို အခြေခံ ဖော်ပြခြင်းဖြစ်ပါသည်။)

**Source:** https://greenwaymyanmar.com/posts/Blackgram_Greengram_Pigeon_Pea

## ယခုနှစ် ခရမ်းချဉ်သီး စိုက်ပျိုးရာသီချိန်အတွင်း တင်ပို့ရောင်းချသည့်ဈေးကွက် ခန့်မှန်းရခက်နေ

ယခုနှစ် စိုက်ပျိုးရာသီချိန်အတွင်း ခရမ်းချဉ်သီး စိုက်ပျိုးတင်ပို့ရောင်းချသည့်ဈေးကွက်မှာ ဈေးနှုန်းအတက်အကျ ခန့်မှန်းရခက်နေကြောင်း မြန်မာနိုင်ငံအထက်ပိုင်း ခရမ်းချဉ်သီးဈေးကွက်မှသိရသည်။

ဒီနှစ်အတွက် ခရမ်းချဉ်သီးဈေးကွက်နဲ့ပတ်သက်တဲ့ အခက်အခဲကတော့ ဈေးကွက်က အရင်နှစ်ကထက် ကျဆင်းနေတာပါ။ ပုံမှန်အားဖြင့်ဆိုရင် ပင်းတယ၊ ရပ်စောက်နဲ့ ရွာငံဘက်က စိုက်ပျိုးသူတွေ စုံလာတဲ့အချိန် အသီးအထွက်နှုန်းများပြီး ဈေးကျတတ်တယ်။ အသီးမညီတဲ့အချိန် မတ်လကနေ မေလအတွင်းဆိုရင် နွေသီးဆိုတော့ ဈေးပုံမှန်ရတတ်ပါတယ်။ ဒီနှစ်မှာ ရှမ်းပြည်နယ်ဘက်ကထွက်တဲ့ အသီးနဲ့တင် ဈေးကောင်းမရဘူးဆိုတော့ တခြားဒေသက အသီးတွေသာ စုပြုံထွက်လာမယ်ဆိုရင် ဒီနှစ်ဈေးကွက်က ခန့်မှန်းရခက်ပါပြီဟု ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့မှ ခရမ်းချဉ်သီး စီးပွားဖြစ်စိုက်ပျိုးသူ ကိုစိုင်းကပြောသည်။

မြန်မာနိုင်ငံ၌ ခရမ်းချဉ်သီးကို မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်း ဒေသ ကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်စသည့်ဒေသများ၌ စိုက်ပျိုးကြပြီး ဒေသတစ်ခုနှင့်တစ်ခု စိုက်ပျိုးချိန်မတူညီကြောင်း၊ ရှမ်းပြည်နယ်မှထွက်ရှိသည့် ခရမ်းချဉ်သီးမှာ ခရမ်းချဉ်သီးအစိမ်းဈေးကွက်ကိုသာ အများဆုံးအားထားနေရပြီး ခရမ်းချဉ်သီးအမှည့်ဈေးကွက်မရှိကြောင်းသိရသည်။

ရှမ်းပြည်နယ်ဘက်မှာက ခရမ်းချဉ်သီးအမှည့်ဈေးကွက်မရှိဘူး။ အစိမ်းသီးပဲ ခူးရောင်းကြတာပါ။ ဘာကြောင့်လဲဆိုတော့ အင်းလေးဒေသရဲ့ ရေပေါ်၊ ကုန်းပေါ် နေရာအတော်များများက ခရမ်းချဉ်စိုက်ပျိုးကြတဲ့အတွက် အထွက်များတယ်။ ရှမ်းပြည်နယ်တောင်ပိုင်းက တခြားဒေသတွေရဲ့ စိုက်ပျိုးမှုလည်း ရှိသေးတယ်။ ဒါကြောင့် ကုန်သည်တွေက အစိမ်းသီးတွေကို ဝယ်လှောင်ထားပြီး မှည့်ခါနီးတဲ့အသီးတွေကိုမှ ခွဲခွဲရောင်းချကြတယ်။ အစိမ်းသီးတွေဆိုတော့ ဈေးကွက်ကို ချိန်ဆရောင်းချလို့ရတယ်။ အမှည့်သီးကျတော့ ညောင်ရွှေဘက်က ကုန်သည်တွေကမယူဘူး။ မန္တလေးဘက်က ကုန်သည်တချို့ကတော့ လာဝယ်တာမျိုးရှိပါတယ်ဟု ကိုစိုင်းက ပြောသည်။

ပုံမှန်အားဖြင့် နှစ်စဉ် မေလမှစက်တင်ဘာလအတွင်း ခရမ်းချဉ်သီးဈေးကောင်းရရှိပြီး ယခုနှစ်တွင် ခရမ်းချဉ်သီး ဈေးကွက် မတည်မငြိမ်ဖြစ်နေကြောင်း ခရမ်းချဉ်သီးပွဲရုံများမှသိရသည်။

**Source:** https://www.myawady.net.mm/node/28153

## မန္တလေးဈေးကွက်အတွင်း ပခုက္ကူဘက်မှထွက်ရှိသည့် ကြက်သွန်နီများ ကုန်စည်လက်ကျန်နည်းပါးလာ၍ ဈေးနှုန်းအနည်းငယ်မြင့်တက်

မန္တလေးဈေးကွက်အတွင်း ပခုက္ကူဘက်မှထွက်ရှိသည့် ကြက်သွန်နီများ ကုန်စည်လက်ကျန်နည်းပါးလာ၍ ဈေးနှုန်းအနည်းငယ်မြင့်တက်လာကြောင်း မန္တလေးမြို့မှ အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍သိရသည်။

ယခုလက်ရှိ မန္တလေးဈေးကွက်အတွင်း ပခုက္ကူဘက်မှထွက်ရှိသည့် ကြက်သွန်နီများ အဝင်နည်းလာသည့် အပြင် ကုန်စည်လက်ကျန်မှာလည်း နည်းပါးလာခြင်းကြောင့် ဈေးနှုန်းအနည်းငယ် မြင့်တက်လာကြောင်း၊ ပြည်ပ နိုင်ငံများကလည်း ကြက်သွန်နီ ဝယ်ယူမှုများရှိကြောင်းသိရသည်။

"အခုလက်ရှိ ပခုက္ကူဘက်ကထွက်တဲ့ကြက်သွန်နီတွေကို အချို့လုပ်ငန်းရှင်တွေလဲဝယ်ပြီး သိုလှောင်ထားတာတွေ ရှိတယ်။ ဒါကြောင့် ကြက်သွန်နီတွေ မန္တလေးဈေးကွက်ထဲမှာ ကုန်စည်လက်ကျန်နည်းပါးလာပြီးတော့ ဈေးနှုန်းအနည်းငယ် ပြန်တက်လာတယ်" ဟု ဒေါ်မေသဲဆွေကပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ဇူလိုင် ၂ ရက်က ပခုက္ကူဘက်မှထွက်ရှိသည့် ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀ ခန့်သာရှိခဲ့သော်လည်း ယနေ့(ဇူလိုင်-၁၅)တွင် ပခုက္ကူဘက်မှထွက်ရှိသည့် ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၁၆၅၀ ထိ ပေါက်ဈေးရှိနေကြောင်းသိရသည်။

"အခုက ကြက်သွန်နီအသစ်တွေလဲ မန္တလေးဈေးကွက်ထဲဝင်မလာသေးတော့ လက်ကျန်ကြက်သွန်နီတွေကိုပဲ ရောင်းပေးနေရတယ်။ မန္တလေးဈေးကွက်ထဲမှာ ကြက်သွန်နီတွေကလဲ လက်ကျန်သိပ်ပြီး မရှိတော့တာကြောင့် ဈေးတွေပြန်ပြီး မြင့်တက်လာတယ်။ ပခုက္ကူဘက်က ကြက်သွန်နီအသစ်တွေ မန္တလေးဈေးကွက် ထဲပြန်ဝင်လာရင်တော့ ဈေးကပြန်ပြီး တည်ငြိမ်သွားဖို့ရှိတယ်" ဟု အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍သိရသည်။

**Source: ရတနာပုံသတင်းစာ**

## မန္တလေးဈေးကွက်ထဲ ဂျုံများ အမြင့်ဈေးနှုန်းဖြင့် အရောင်းအဝယ်သွက်နေ

ယခုရက်ပိုင်းအတွင်း မန္တလေးဈေးကွက်အတွင်းသို့ ဝင်ရောက်လာသည့်ဂျုံများ အမြင့်ဈေးနှုန်းဖြင့် အရောင်းအဝယ် သွက်နေကြောင်း မန္တလေးမြို့ရှိ ဂျုံ၊ ပဲကုန်သည်များထံမှ သိရသည်။

ယခုရက်ပိုင်းတွင် မန္တလေးဈေးကွက်အတွင်း ဂျုံများ အမြင့်ဈေးနှုန်းများဖြင့် အရောင်းအဝယ်သွက်နေပြီး မုံရွာ၊ ဘုတလင်၊ စစ်ကိုင်း၊ မြင်းမူ၊ မြောင်စသည့်ဒေသများမှထွက်ရှိသည့် ဂျုံများနှင့်ရှမ်းဂျုံများလည်း ဝင်ရောက်လာပြီး အရောင်း အဝယ်သွက်နေကြောင်း၊ မန္တလေးဈေးကွက်အတွင်း မတ်လမှဇွန်လကုန်ထိ ဗမာဂျုံ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၉၅၀၀၀ နှင့် ရှမ်းဂျုံ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၉၀၀၀၀ ဈေးရှိခဲ့သော်လည်း ဇူလိုင် ၁ ရက်မှ ယနေ့(ဇူလိုင်-၁၅)ထိ ဗမာဂျုံ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၃၇၀၀၀ နှင့် ရှမ်းဂျုံ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၃၀၀၀၀ ပေါက်ဈေးရှိပြီး အမြင့်ဈေးများဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြသည်။

"ဂျုံသီးနှံတွေက အမြင့်ဈေးနှုန်းနဲ့ အရောင်းအဝယ်ဖြစ်နေပါတယ်။ အခုနှစ်မှာ ဂျုံဈေးတွေ မြင့်မားနေ တော့ ဂျုံစိုက်တောင်သူတွေအတွက် အမြတ်အစွန်းရပြီး အကျိုးရှိတဲ့ နှစ်ဖြစ်ပါတယ်" ဟု ဦးစိုးဝင်းမြင့်က ပြောပြသည်။

ဂျုံသီးနှံကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့၌ အဓိကထားစိုက်ပျိုးကြပြီး ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ကယားပြည်နယ်တို့တွင်လည်း စိုက်ပျိုးကြကြောင်း၊ ထို့ပြင် ရာသီဥတုနှင့် မြေအမျိုးအစားပေါ်မူတည်ပြီး ဒေသမရွေးစိုက်ပျိုးကြကြောင်း ၎င်းကဆက်လက်ပြောပြ၍ သိရသည်။

**Source: ရတနာပုံသတင်းစာ**

## မြန်မာနိုင်ငံသို့ စိုက်ပျိုးကုန်တင်ပို့မှု ကမ္ဘောဒီးယားမြှင့်တင်

ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် အာဆီယံနှစ်နိုင်ငံကြား ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု ခိုင်မာစေရန်အတွက် မြန်မာနိုင်ငံသို့စိုက်ပျိုးထွက်ကုန်များတင်ပို့နိုင်ရေး မြှင့်တင်ဆောင်ရွက်လျက် ရှိသည်။

ဇူလိုင်လ ၁၄ ရက်နေ့က မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တွေ့ဆုံရာတွင် ကမ္ဘောဒီးယားစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Pan Sorasak က ကမ္ဘောဒီးယားနိုင်ငံမှလယ်ယာထွက်ကုန်များ

တင်သွင်းမှုမြှင့်တင်နိုင်ခြေကို သုံးသပ်ပေးရန် မြန်မာဘက်သို့ တောင်းဆိုခဲ့သည်။ လယ်ယာထွက်ကုန်များတွင် သရက်သီး၊ ငှက်ပျောသီး၊ ထောပတ်သီး၊ သီဟိုဠ်စေ့၊ ကန်စွန်းဥ၊ ငရုတ်ကောင်း၊ နှမ်းနှင့်ထန်းလျက်တို့ပါဝင်သည်။

ထို့အပြင် ကမ္ဘောဒီးယားနိုင်ငံရှိ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု အလားအလာများနှင့် ကမ္ဘောဒီးယား၏ စီးပွားရေးသည် မူလအခြေအနေသို့ ပြန်လည်ရရှိရေးနှင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မဟာဗျူဟာကို ဧည့်သည်တော်များအား ရှင်းလင်းပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံတမန်အကြီးအကဲကမူ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုကို အားကောင်းခိုင်ခံ့အောင်ချဲ့ထွင်ရန် ကတိကဝတ်ပြုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ထို့ပြင် ၎င်းက အခွန်နှစ်ထပ်ဆောင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးတို့အပါအဝင် အခြားအရေးကြီးသော ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ခြေကို ထည့်သွင်းစဉ်းစားရန်ကိုလည်း ထပ်မံအလေးပေးပြောကြားခဲ့သည်။

နှစ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် နှစ်နိုင်ငံကုန်သည်ကြီးများအပါအဝင် ပုဂ္ဂလိကကဏ္ဍအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုနှင့် စီးပွားရေးလုပ်ငန်းခရီးများ အပြန်အလှန်လည်ပတ်ခြင်း၊ ပြပွဲလှုပ်ရှားမှုနှင့်ပို့ကုန်မြှင့်တင်ရန် အလားအလာကောင်းရှိသော ကုန်ပစ္စည်းများအကြောင်း ဆွေးနွေးခြင်းတို့ကိုလည်း ပြုလုပ်ခဲ့ကြသည်။

နှစ်နိုင်ငံစီးပွားရေးနှင့်ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းများကို အားပေးသွားမည်ဟု နှစ်ဖက်စလုံးမှ ကတိကဝတ်ပြုခဲ့ကြသည်။ ၂၀၂၀ ခုနှစ်တွင် နှစ်ဖက်ကုန်သွယ်မှုသည် ဒေါ်လာ ၂၈ ဒသမ ၂ သန်းအထိ မြင့်တက်ခဲ့ကြောင်း Trading Economics မှသိရသည်။

**Source : Khmer Times**

**Popular News Journal**

## ဂျာမနီနိုင်ငံ နူရင်ဘတ်မြို့တွင် Biofach Organic ပြပွဲ ကျင်းပမည့်အစီအစဉ်

ဂျာမနီနိုင်ငံ နူရင်ဘတ်မြို့တွင် ကမ္ဘာ့ထိပ်တန်း အော်ဂဲနစ်ထုတ်ကုန်ပြပွဲကြီးဖြစ်သည့် Biofach Organic ပြပွဲကို ၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၆ ရက်မှ ၂၉ ရက်နေ့အထိ (၄) ရက်တိုင် Messe Nuremberg တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ပြပွဲကို ကိုယ်တိုင်လာရောက်ခင်းကျင်းပြသခြင်းနှင့် ဒစ်ဂျစ်တယ်အွန်လိုင်းဖြင့်ပြသခြင်း ပုံစံနှစ်မျိုးဖြင့် ကျင်းပသွားမည်ဖြစ်ပါသည်။ ပြပွဲတွင် အော်ဂဲနစ်စားသောက်ကုန်များအပြင် Organic Non-food များဖြစ်သည့် အိမ်သုံးပစ္စည်း၊ အလှကုန်၊ အထည်၊ ဆေးဝါး၊ အပင်နှင့်မျိုးစေ့များ အစရှိသည်တို့ကို နိုင်ငံများစွာမှ အော်ဂဲနစ်ကုမ္ပဏီများက လာရောက်ပြသကြမည်ဖြစ်သည်။ ထို့အပြင် ပြပွဲတွင် အော်ဂဲနစ်ထုတ်ကုန်ဆိုင်ရာ ဆွေးနွေးပွဲဖိုရမ်များ၊ Congress များ၊ ကျွမ်းကျင်ပညာရှင်များ၏ ဟောပြောပို့ချချက်များ၊ Exhibitor များ၏ တင်ဆက်ပြသမှုများဖြင့် ကျင်းပဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ပြပွဲလက်မှတ်ဝယ်ယူသူများသည် on site ပြပွဲအပြင် အွန်လိုင်းပြသမှု နှစ်မျိုးလုံးကို ကြည့်ရှုလေ့လာခွင့်ရရှိမည်ဖြစ်ပါသည်။

ပြပွဲတွင် Organic Africa Pavilion ၌ မြန်မာနိုင်ငံမှ ဂျာမနီနိုင်ငံသို့ အော်ဂဲနစ်လက်ဖက်ခြောက်များ ထုတ်လုပ်တင်ပို့နေသည့် Power Mawshan ကုမ္ပဏီက လာရောက်ပြသမည်ဖြစ်ပြီး Yatha Waddi ကုမ္ပဏီ (Paline လက်ဖက်) က ဒစ်ဂျစ်တယ်အွန်လိုင်းဖြင့် ပါဝင်ပြသမည်ဖြစ်ပါသည်။ အဆိုပါကုမ္ပဏီများ ပါဝင်ပြသမှုအတွက် မြန်မာနိုင်ငံရှိ Helvetas အဖွဲ့အစည်း၏ Bio Trade စီမံကိန်းက စရိတ်မျှခံပံ့ပိုးပေးပြီး Helvetas မှ တာဝန်ရှိသူနှစ်ဦးလည်း ပြပွဲသို့လာရောက်မည်ဖြစ်ပါသည်။ ထို့ပြင် ပြပွဲလာရောက်သည့် ခရီးစဉ်အတွင်း လက်ရှိ ဂျာမန်အဝယ်တော်ကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးမှုများ၊ ထုတ်ကုန်အရည်အသွေးပိုင်းဆိုင်ရာ ဆောင်ရွက်သင့်သည်များအတွက် Helvetas အဖွဲ့အစည်းပါဝင်၍ ဆွေးနွေးမှုများ၊ Business matching များကို ပြုလုပ်ကြရန် စီစဉ်ထားရှိပါသည်။

Biofach Organic ပြပွဲသည် နိုင်ငံအနှံ့အပြားမှ အော်ဂဲနစ်ထုတ်ကုန်များ စုဝေးရာနေရာတစ်ခုဖြစ်ပါသည်။ ၂၀၂၁ နှစ်တွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါဖြစ်ပွားမှုကြောင့် Digital Event အဖြစ် ပြောင်းလဲကျင်းပခဲ့ရာ Digital Event တွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ Digital Profile ကို မြန်မာထုတ်ကုန်များ၏ Profile များ၊ ဓာတ်ပုံနှင့်ဗီဒီယိုများပါဝင်၍ ပြသခဲ့ပါသည်။ ၂၀၂၂ ခုနှစ် Biofach ပြပွဲကို ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှ ၁၈ ရက်နေ့အထိ ကျင်းပရန်စီစဉ်ထားရှိမှုကို ကိုရိုနာ

ဗိုင်းရပ်စ်ကပ်ရောဂါ ထိန်းချုပ်ကန့်သတ်မှုအစီအစဉ်အရ ဇူလိုင်လသို့ ပြောင်းရွှေ့ကျင်းပခြင်းဖြစ်ပါသည်။

**(မြန်မာစီးပွားရေးသံမှူး၊ ဘာလင်မြို့)**

**Sources:** https://www.biofach.de/en

# STOCK EXCHANGE (18.7.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 18th Jul. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,400 | +0 | +0.00% | 7,400 | 7,400 | 7,300 | 131 | 965,900 | 33,109,694 | 245,012 |
| MTSH | 00002 | 2,650 | +50 | +1.92% | 2,600 | 2,650 | 2,550 | 1,302 | 3,382,800 | 38,929,150 | 103,162 |
| MCB | 00003 | 7,300 | +0 | +0.00% | 7,300 | 7,300 | 6,700 | 53 | 356,900 | 10,400,986 | 75,928 |
| FPB | 00004 | 17,500 | +0 | +0.00% | 17,500 | 17,500 | 17,500 | 20 | 350,000 | 2,472,053 | 43,261 |
| TMH | 00005 | 2,500 | -50 | -1.96% | 2,050 | 2,500 | 2,050 | 159 | 327,750 | 12,823,224 | 32,058 |
| EFR | 00006 | 2,550 | +0 | +0.00% | 2,550 | 2,550 | 2,550 | 4 | 10,200 | 19,977,223 | 50,942 |
| AMATA | 00007 | 5,000 | +100 | +2.04% | 5,000 | 5,000 | 5,000 | 1 | 5,000 | 10,497,598 | 52,488 |


## Market summary

As of 18th Jul. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 346.54 | +1.35 | +0.39% | 345.19 | 346.54 | 334.89 | 1,670 | 5,398,550 | 7 | 602,851 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 18th Jul. 2022

| MYANPIX | 346.54 ▲ 1.35 |
|---|---|
| Total Volume (shares) | 1,670 |
| Total Value (MMK) | 5 mil |
| Listed Company | 7 |
| Market Cap. (MMK) | 602,851 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,400 | ▲ 0 |
| MTSH | 00002 | 2,650 | ▲ 50 |
| MCB | 00003 | 7,300 | ▲ 0 |
| FPB | 00004 | 17,500 | ▲ 0 |
| TMH | 00005 | 2,500 | ▼ 50 |
| EFR | 00006 | 2,550 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 100 |